★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၉/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်။



“ ××× ကျမတို့တောင်းဆိုချက်ထိရောက်ဖို့ဆိုတာဟာ ပြည်သူလူထုရဲ့ထောက်ခံမှုအများကြီး လိုပါတယ်။ ကျမတို့အနောက်ကနေ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားရှိမယ်ဆိုရင် ဒီလိုတောင်းဆိုမှုတွေဟာ အများကြီးပိုပြီးတော့ အောင်မြင်နိုင်ပါတယ်။ ဒီတော့ မတရားသဖြင့် နိုင်ငံရေးအရဖမ်းဆီးမှုတွေကို ရပ်စဲစေချင်ရင်၊ ဖမ်းထားတဲ့ လူတွေကို လွှတ်ပေးစေချင်ရင် အားလုံးကနေ ဝိုင်းဝန်းပြီးတော့ လှုပ်ရှားမှုကို ထောက်ခံရမယ်။ ပြည်သူလူထုရဲ့ညီညွတ်မှုအင်အားနဲ့ နောက်ကနေ တွန်းအားပေးရမယ်။ အဲ့ဒီတော့ အဖွဲ့ချုပ်ကိုပဲ အဖွဲ့ချုပ်က ဘာလုပ်နေသလဲလို့ မမေးပါနဲ့၊ ကိုယ့်ကိုကိုယ် ပြန်မေးပါ။ ကိုယ်ကရော ဘာလုပ်နေလဲ။ လူတိုင်းလူတိုင်းဟာ ဒီအရေးအခင်းနဲ့ပတ်သက်လို့ မတရားသဖြင့် နိုင်ငံရေးအရဖမ်းဆီးခံရသူတွေအတွက် ဘာလုပ်ပေးနေသလဲဆိုတာ ကိုယ့်ကိုလည်း ပြန်မေးကြပါလို့ ကျမမေတ္တာရပ်ခံလိုပါတယ်×××”

**(ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများမှ ကောက်နှုတ်ချက်)**

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်**
**(၄)နှစ်(၅)လနဲ့(၂၀)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ

**၁။ ဖမ်းထားသည့် မန္တလေးအဖွဲ့ချုပ်ဝင်အများစုကို အိုးဘိုထောင်တွင် ထိန်းသိမ်းထား**

**၂။ ဒေါ်ပုံအဖွဲ့ချုပ်ဝင်တွေဖမ်းမိဘို့ အာဏာပိုင်တွေက စီးနင်းရှာဖွေမှုတွေ လုပ်နေဆဲ**

**၃။ ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်သူများကို မြန်မာစစ်အစိုးရ ပိုက်စိပ်တိုက်ရှာဖွေ၊ မိသားစုဝင်များကို ဖမ်းဆီး**

**၄။ စစ်အစိုးရ၏ ဥပဒေမူကြမ်းကော်မရှင်ကို အတိုက်အခံများက လက်မခံ**

**၅။ မြန်မာ့အရေးတွင် နိုင်ငံတကာကော်ပိုရေးရှင်းများ ပူးပေါင်းကူညီရန် လိုအပ်**

**၆။ ရှုဒ်မတ်အတိုင်းဆက်သွားရန် အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် စစ်အစိုးရဖွဲ့စည်း**

**၇။ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းခြင်းဖြင့် စစ်အစိုးရ အမှားတစ်ခု ထပ်မံကျူးလွန်**

**၈။ ဖွဲ့စည်းအုပ်ချုပ်ပုံ မူကြမ်းရေးဆွဲရေး ကော်မီတီအပေါ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ သဘောထားအမြင်**

**၉။အခြေခံဥပဒေအပေါ် တခဲနက် ထောက်ခံသည့်ဆိုသည့် ထောက်ခံပွဲများအပေါ် လူထု၏တုံ့ပြန်ချက်များ**

**၁၀။ ကမ္ဘာတလွှားက စစ်အစိုးရသရုံးများထံ အမျိုးသမီး အတွင်းခံဘောင်းဘီများ ပေးပို့ဆန္ဒပြ**

**၁၁။ သဃ်န်းရောင်တော်လှန်ရေးကို ထောက်ခံတဲ့ ဥပဒေ အမေရိကန်လွှတ်တော်မှာ တင်သွင်း**

## ဖမ်းထားသည့် မန္တလေးအဖွဲ့ချုပ်ဝင်အများစုကို အိုးဘိုထောင်တွင် ထိန်းသိမ်းထား

*ဒီဗွီဘီ၊ ၁၉ အောက်တိုဘာလ၊၂၀၀၇*

စက်တင်ဘာဆန္ဒပြပွဲနဲ့ ဆက်စပ်ဖမ်းဆီးထားတဲ့ မန္တလေးမြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို မန္တလေး၊ အိုးဘိုထောင်ထဲမှာ ထိန်းသိမ်းထားတယ်လို့ မိသားစုဝင်တွေအပြောအရ သိရပါတယ်။ မန္တလေးထောင်ထဲ ရောက်နေသူတွေကတော့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း၊ တိုင်းစည်းအဖွဲ့ဝင်တွေဖြစ်တဲ့ ဒေါ်ဝင်းမြမြ၊ ဦးကံထွန်း၊ မြို့နယ်စည်း ဦးခင်မောင်သောင်း၊ မြို့နယ်လူငယ် ကိုရွှေမောင်၊ အဖွဲ့ဝင်တွေဖြစ်တဲ့ လူရွှင်တော် ဦးပါပါလေး၊ ကိုကျော်ဇင်လင်း တို့ဖြစ်ပါတယ်။ ဒါ့အပြင် ဒေါ်ဝင်းမြမြနဲ့ အတူ အမျိုးသမီး (၇) ဦးလဲ ထိန်းသိမ်းခံနေရတယ်လို့ သိရပါတယ်။ မန္တလေး အိုးဘိုထောင်ထဲမှာ ထိန်းသိမ်းခံနေရတဲ့ ဒေါ်ဝင်းမြမြအတွက် ဆေးဝါး၊ အစားအစာနဲ့ အဝတ်အစားပေးခွင့်ရဖို့ အခုလ (၁၇) ရက်နေ့က ထောင်အာဏာပိုင်တွေထံ သွားရောက်တင်ပြခဲ့ပေမဲ့ ပေးခွင့်မရခဲ့ဘူးလို့ အစ်ကိုဖြစ်သူဦးဘစိုးက ဒီဗွီဘီကို အခုလိုပြောပြပါတယ်။

“(၁၇) ရက်နေ့က ထောင်မှာရောက်တယ်ဆိုတဲ့ သတင်းကြားတော့ ကျနော်တို့ ထောင်ကို သွားပါတယ်။ ထောင်ဂိတ်ဝမှာ ကျနော်တို့ စာရင်းပေးရပါတယ်။ စာရင်းပေးတဲ့အခါမှာ တာဝန်ကျတဲ့ပုဂ္ဂိုလ်က အထုပ်အပိုးများအတွက် ပါဆယ်ပေးချင်ပါတယ်လို့ တင်ပြတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်က ထောင်ထဲကို ဗူးဝထဲကို လှမ်းပြီးတော့ ဖုန်းနဲ့မေးပေးပါတယ်။ ဒေါ်ဝင်းမြမြရဲ့ အစ်ကို ဦးဘစိုးက ပါဆယ်ပေးဖို့ လာတင်ပြပါတယ်ပြောတော့ကျတော့ အတွင်းထောင်ဗူးဝထဲကလဲ ပါဆယ်ပေးဖို့ဆိုရင်တော့ လက်ခံလိုက်ပါဆိုတာနဲ့ ကျနော်တို့က အဲဒီဂိတ်ကနေမှ ထောင်ဗူးဝအထိ ကျနော်တို့သွားတဲ့အခါမှာ ဟိုဖက်ရောက်တဲ့အခါ ထောင်ဗူးဝအပြင်ဖက်မှာ အဲဒီပါဆယ်ပေးရမဲ့ စာရင်းကို စစ်ဆေးတဲ့အဖွဲ့ရှိပါတယ်။ အဲဒီစစ်ဆေးတဲ့အဖွဲ့မှာ ကျနော်တို့ ပစ္စည်းစာရင်းတွေကိုချပြီးတော့ သူတို့ရေးမှတ်နေတဲ့အတိုင်းအတာမှာ ပြီးလဲပြီးရော ကျနော်တို့က အဲလို ထောင်ဗူးဝထဲကို ဝင်ပြီးမှ ပါဆယ်ပေးဖို့ အချိန်ကျမှ အဲဒီထောင်ဗူးဝမှာရှိတဲ့ ပစ္စည်းစစ်ဆေးတဲ့စခန်းက တာဝန်ကျတဲ့ ကိုတင်ထွန်းဦး

က သဘောမတူတာနဲ့ ပါဆယ်ပေးလို့မရပဲနဲ့ ပြန်လာခဲ့ရပါတယ်။" အဖမ်းခံနေရတဲ့ မန္တလေးတိုင်း စည်းရုံးရေးအဖွဲ့ဝင်ဒေါ်ဝင်းမြမြရဲ့ အစ်ကို ဦးဘစိုး ပြောပြသွားတာပါ။

အလားတူ တိုင်းစည်းအဖွဲ့ဝင် ဦးခင်မောင်သောင်းတို့ မိသားစု လဲပါဆယ်သွားပေးတာ ပေးခွင့်မရခဲ့ဘူးလို့ သိရပါတယ်။ ဖမ်းထားသူတွေကို လူချင်းတွေ့ခွင့်မပြုတောင် ပါဆယ်လောက်တော့ ပေးခွင့်ပြုသင့်ပါတယ်လို့လဲ ဒေါ်ဝင်းမြမြရဲ့အစ်ကို ဦးဘစိုးက အခုလိုပြောပြသွားပါတယ်။

"ကျနော်တို့ကတော့ ဘာပဲဖြစ်ဖြစ်လေ ထောင်ထဲမှာရောက် တယ်ဆိုရင် အဲလို ထိန်းသိမ်းခံရတာပဲဖြစ်ဖြစ် အဲလို အချုပ်အနေနဲ့ပဲဖြစ်ဖြစ် ထောင်ထဲမှာရောက်တယ်ဆိုရင်တော့ လူချင်းတွေ့ခွင့်မပြုတောင်မှ ကျနော်တို့ က ဆေးဝါးနဲ့အစားအသောက်ကလေးတော့ ရိက္ခာအနေနဲ့ပါဆယ်ပေးချင် တဲ့ဆန္ဒတော့ ကျနော်တို့ ရှိတာပေါ့။ ဒါပေမဲ့ အခုဟာက တာဝန်ကျ ကိုတင်ထွန်းဦး က သဘောမတူတာနဲ့ပါဆယ်ပေးခွင့်မရတာနဲ့ ပြန်လာရတယ်ဆိုတော့ ကျနော် တို့တော့ စိတ်မကောင်းဘူးပေါ့လေ။ အမှန်က ဒီလိုမဖြစ်သင့်ဘူးပေါ့လေ ဘာပဲဖြစ်ဖြစ် လူချင်းတွေ့ချင်တယ်လို့လဲ တောင်းဆိုတာမဟုတ်ပဲနဲ့ ပါဆယ် ပေးရုံပဲသက်သက် အဲဒီကိုတင်ထွန်းဦးက သဘောမတူပဲနဲ့ ပြန်သယ်လာခဲ့ ရတာဆိုတော့ ဒီလိုတော့ မဖြစ်သင့်ဘူးပေါ့။ အမှန်တော့ ဘာပဲဖြစ်ဖြစ်လေ ဒီလိုကဏ္ဍမျိုးလေးတွေကတော့ အာဏာပိုင်အဖွဲ့အစည်းအနေနဲ့ လုပ်ပေး သင့်တယ်လို့ ဒီလိုပဲယူဆပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ငယ်ငယ်ကြီးကြီး ဘာပဲ ပြောပြောလေ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ ကျန်းမာရေးဆိုတာတော့ အနည်းနဲ့ အများတော့ ချို့ယွင်းချက်တော့ ရှိကျတာပဲပေါ့။ ဒေါ်ဝင်းဝင်းမြက လဲ အများနည်းတူပဲ သူ့အသက်အရွယ်နဲ့ ဒီလို ကျန်းမာရေးကတော့ ချို့ ယွင်းချက်တော့ ရှိတာပါပဲ။"

ဒေါ်ဝင်းမြမြကို စက်တင်ဘာလ (၂၈) ရက်နေ့မှာ အာဏာပိုင်တွေ က ဖမ်းဆီးသွားတာဖြစ်ပြီး အစောပိုင်းမှာ ရွှေစာရံရှိ ကျောက်ချော အမှတ် (၄) ရဲစခန်းမှာ ထိမ်းသိမ်းထား ခဲ့ပါတယ်။ ရဲစခန်းမှာ ထိမ်းသိမ်းထားစဉ် ကတော့ ဒေါ်ဝင်းမြမြအတွက် လိုအပ်တဲ့ဆေးဝါးနဲ့ အစားအစာတချို့ကို နယ်မြေခံအာဏာပိုင်တွေကတဆင့် ပေးခွင့်ရခဲ့တယ်လို့လည်း ဦးဘစိုးက ပြော ပါတယ်။ မန္တလေးမြို့ကအဖွဲ့ချုပ်ဝင်အများစုကို အိုးဘိုထောင်မှာ ထိမ်းသိမ်း ထားတယ်လို့သိရပေမဲ့ အနောက်မြောက်မြို့နယ် အဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်အောင်နဲ့ တိုင်းစည်း ဦးမျိုးနိုင်တို့ (၂)ဦးကိုတော့ ဘယ်မှာထိမ်းသိမ်းထားတယ်ဆိုတာ အတိအကျ မသိရသေးပါဘူး။ ■



# ဒေါပုံအဖွဲ့ချုပ်ဝင်တွေ ဖမ်းမိဘို့ အာဏာပိုင်တွေက စီးနင်းရှာဖွေမှုတွေ လုပ်နေဆဲ

*ဒီဗွီဘီ၊ ၁၉ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်တိုင်း ဒေါပုံမြို့နယ်အတွင်းက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေရဲ့နေအိမ်တွေကို အာဏာပိုင်တွေက ညဘက်အချိန်မတော် ဝင်ရောက်ရှာဖွေတာတွေ ပြုလုပ်နေဆဲဖြစ်ပါတယ်။ အထူးသဖြင့် တိမ်းရှောင် နေတဲ့ အဖွဲ့ချုပ်ဝင်တွေကို ဖမ်းမိနိုင်ဘို့ အခုလို ညဘက်တွေမှာ လျှပ်တပျက် ဝင်ရောက်ရှာဖွေတာတွေ ပြုလုပ်နေတာလို့ ဆိုပါတယ်။ ဒီအကြောင်းကို ကိုယ်တိုင်တိမ်းရှောင်နေရသူ ဒေါပုံမြို့နယ်အဖွဲ့ချုပ်ဝင်လူငယ်တဦးက အခုလို ပြောပြပါတယ်။

"အခုကျနော်တို့အိမ်တွေဆိုလဲ လျှပ်တပြက်စီးနင်းဝင်ရောက် ရှာဖွေ မှုမရှိဘူး၊ မိသားစုကိုလဲလာရောက်အပ်နှံဖို့ သူတို့အကြောင်းကြားပါတယ်။ အဲဒီအချိန်မှာပဲ အိမ်ကိုဝင်ရောက်စီးနင်းတဲ့အခါကျတော့ ဒေါပုံရည်ညွန်းရဲ့ ရဲတပ်ဖွဲ့ ရဲစခန်းက တပ်ကြပ်မျိုးနိုင်တို့ တာဝန်ရှိပုဂ္ဂိုလ်တွေလာရောက်ပြီး တော့ ရှာဖွေတဲ့အချိန်မှာ ကျနော့်အမေက 'ဟာ နင်တို့ခဏဆိုတာ ယုံမဲ့ သူလဲရှိလားဟင် ဘုန်းကြီးတောင်မှသတ်တဲ့ဟာတွေ ငါ့သားလေးက နုနု နယ်နယ်လေးရယ် သူတို့ဘယ်သွားလဲဆိုတာကို ငါသိလဲသိမသိဘူး။ ငါလဲ အသက်ကြီးပြီ အဲဒါသူပြောလိုက်တယ်။ ပြီးသွားရော။ ပြီးခဲ့တဲ့ (၁၈) ရက် ညက ဝင်ရောက်စီးနင်းထပ်ရှာသွားတယ်။ အဲဒါ ဝင်ရောက်ကြည့်ရှုရှာဖွေ တယ်ပေါ့နော်။ အကြမ်းပရမ်းကို သူတို့ကလိုက်ပြီးတော့ ဖမ်းဆီးမဲ့ ပုံစံမျိုးရှိတယ်။" ဒေါပုံမြို့နယ် အဖွဲ့ချုပ်လူငယ်တဦး ပြောပြသွားတာပါ။

အခုလအစောပိုင်းကလည်း မြို့နယ်အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ကိုကျင်လှိုင်နဲ့ အဖွဲ့ဝင်ကိုသိန်းထွေးတို့(၂) ဦး ဖမ်းဆီးခံခဲ့ရတယ်လို့လည်း သူက အခုလို ဆက်ပြောပြပါတယ်။ ကျနော်တို့ ဒေါပုံမြို့နယ်မှာ မောင် သက်ပိုင်စိုးနဲ့ ရင်းနှီးတဲ့ အယ်န်အယ်လ်ဒီ လူငယ်အဖွဲ့ဝင်ပေါ့နော် ကိုသိန်းဌေး သူဟာ လေဖြတ်နေတာတော်တော်ကြာပါပြီ ကျန်းမာရေးလဲမကောင်းဘူး။ အဲဒါ သူ့ကိုလဲ ဆက်လက်ဖမ်းထားတယ်ပေါ့နော်။ (၂) ရက်နေ့ည (၈) နာရီ မှာ ဖမ်းသွားတယ်။ ဖမ်းသွားပြီးတော့ သူ့တို့ ပြန်လွှတ်ပေးလိုက်တယ်။ နောက်နေ့ကျတော့ ထပ်မံပြီးတော့ နေ့ခင်းပိုင်းကျတော့ လာခေါ်သွားတယ်။ သူနဲ့ အတူတူပေါ့နော် မြို့နယ်စည်းဖြစ်တဲ့ ကိုကျင်လှိုင်လဲ ထပ်မံပါသွား တယ်။ ကိုကျင်လှိုင်ဆိုရင် ညဘက်ပါသွားတယ် (၈)နာရီပါသွားတယ် (၉)နာ ရီပြန်လွှတ်ပေးလိုက်တယ်။ သူတို့ အဲဒီမှာ မေးမြန်းစရာရှိတာတွေမေး ဆန္ဒပြမှာ ပါလား နောက် ဒီမိုကရေစီ ရမယ်ထင်လား အစရှိသဖြင့် မေးခွန်းလေးတွေ မေးပြီး ပြန်လွှတ်လိုက်တယ်။ နောက်နေ့ ဥပုသ်နေ့ကျတော့ ဥပုသ်စောင့်ပြီး ပြန်လာတော့ သူ့အိမ်မှာပဲရှိနေတဲ့အချိန်မှာ ဥက္ကဌ ကိုနေလင်းအောင်နဲ့ ရယကစာရေးပေါ့နော် ရဲစခန်းကခေါ်တယ်ဆိုပြီးတော့ လာအကြောင်းကြား တာပေါ့။ အဲဒီမှာ သူ စခန်းကိုသွားတဲ့အချိန်မှာ စခန်းကျတော့ ပြန်မလွှတ် တော့ဘူး။ တခါတည်းပဲ သူ့ကို ပို့လိုက်တယ် ဘယ်ပို့လို့ ပို့မှန်းလဲမသိရဘူး။ နောက် ကိုကျင်လှိုင်မိသားစုက ကျောင်းနေတဲ့ ကလေးတွေတော်တော် များတယ် သူငယ်တန်းတယောက်ရယ် တတန်းတယောက်ရယ် ဆယ်တန်း တက်နေတဲ့ သမီးပျိုလေးတယောက်ရယ် တက္ကသိုလ်တက်နေတဲ့ အကြီးဆုံး သားလေး တယောက်ရယ်ရှိတယ်။ သူဟာ ဘယ်လိုတုန်းဆိုတော့ အိမ်ရှေ့မှာ ပေါ့နော် လက်သုပ်လေးရောင်းစားပြီးတော့ လုပ်ကိုင်စားသောက်ရတာပေါ့ နော် အမျိုးသမီးကလဲ ယောကျ်ားမရှိတဲ့အခါကျတော့ ကူဖော်လောင်ဖက်မရှိ တော့ဘူးလေ ကလေးတွေနဲ့ဆိုတော့ တော်တော်လေးကို ဒုက္ခရောက်နေရ တယ်။ အာဏာပိုင်တွေရဲ့ ဖမ်းဆီးမှုကနေ လွတ်မြောက်အောင် တိမ်းရှောင် နေရတဲ့ ဒေါပုံမြို့နယ်အဖွဲ့ချုပ်ဝင် လူငယ်တဦး ပြောပြသွားတာဖြစ်ပါတယ်။

စက်တင်ဘာ ဆန္ဒပြပွဲဖြစ်ပြီးနောက်ပိုင်း ဒေါပုံမြို့နယ်က အဖွဲ့ချုပ်ဝင် အတော်များများဖမ်းဆီးခံခဲ့ရပြီး အဖွဲ့ချုပ်ဝင်မောင်သက်ပိုင်စိုးကတော့ တာမွေအထက ကျောင်းရှေ့ဆန္ဒပြပွဲအတွင်း သေနပ်ထိမှန်ပြီး သေဆုံးသွားခဲ့ပါတယ်။ ဒါအပြင် မြို့နယ်အဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူးကိုသန်းဌေးနဲ့ အဖွဲ့ဝင်ကိုမြတ်သူတို့ (၂) ဦး စက်တင်ဘာ (၂၆) နဲ့(၂၇)ရက် ဆန္ဒပြပွဲတွေဖြစ်စဉ်ကတည်း အခုချိန်ထိ ပျောက်ဆုံးနေဆဲဖြစ်တယ်လို့လည်း ဒေါပုံမြို့က အဖွဲ့ချုပ်ဝင်တွေက ပြောပါတယ်။ အလားတူ စစ်ကိုင်းတိုင်း မုံရွာခရိုင် အဖွဲ့ချုပ်လူငယ်ကိုညွန့်အောင်လည်း စက်တဘ်ာ (၂၄) ရက်နေ့မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးတာကိုခဲ့ရပြီး ခုချိန်ထိ ဘယ်မှာမှုစုံစမ်းလို့မရဖြစ်နေတယ်လို့ မုံရွာမြို့က အဖွဲ့ချုပ်ဝင်တွေက ပြောပြကြပါတယ်။ ■

---

## ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်သူများကို မြန်မာစစ်အစိုးရ ပိုက်စိပ်တိုက်ရှာဖွေ၊ မိသားစုဝင်များကို ဖမ်းဆီး

*ဗွီအိုအေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာပြည်တွင်း ဖြစ်ခဲ့တဲ့ဆန္ဒပြမှုတွေမှာ ဦးဆောင်ခဲ့တယ်လို့ယူဆရတဲ့ ရဟန်းနဲ့လူပုဂ္ဂိုလ်တွေကို စစ်အစိုးရက ပိုက်စိပ်တိုက် လိုက်ရှာပြီးတော့ ဖမ်းဆီးနေခဲ့ပါတယ်။ ဒီလိုဖမ်းဆီးနေတာကြောင့် ထင်ရှားတဲ့ လှုပ်ရှားသူတွေတင်သာမက မထင်မရှား လှုပ်ရှားတဲ့သူတွေပါ အဖမ်းခံတာတွေရှိပါတယ်၊ ဒ့ါအပြင် လှုပ်ရှားတဲ့သူတွေကို ဖမ်းလို့မမိတဲ့အခါမှာ ဖမ်းလို့ရတဲ့မိသားစုဝင်တွေ၊ ဥပမာ– မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ ခင်ပွန်းတွေ၊ တွေ့တဲ့သူတွေကို ဖမ်းတယ်ဆိုတဲ့သတင်းတွေလည်း ထွက်လာနေပါတယ်။ အဲဒီထဲက ဖြစ်ပျက်နေတာတွေကို နယ်စပ်သတင်းထောက်မအေးအေးမာ အစီရင်ခံထားပါတယ်။

မြန်မာအာဏာပိုင်တွေဟာ ဆန္ဒပြလှုပ်ရှားမှုမှာ ပါဝင်သူတွေကို ဖမ်းမမိတဲ့အတွက် အခုဆိုရင် မိသားစုဝင်တွေကို ဖမ်းဆီးမှုတွေ အတော်များလာပြီဖြစ်ပါတယ်။ အောက်တိုဘာလ ၁၆ ရက်နဲ့ ၁၇ ရက်နေ့တွေမှာတော့ သံဃာ့တပ်ပေါင်းစုကြီးရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်တဲ့ ဦးဂမ္ဘီရကို ဖမ်းဆီးမမိတဲ့အတွက် အမေနဲ့ ညီသုံးယောက်ကိုဖမ်းဆီးလိုက်ပါတယ်။ ၁၇ ရက်နေ့ကတော့ ရန်ကုန်မြို့၊ လှည်းတန်းမှာ ဖမ်းဆီးခံခဲ့ရတဲ့ ကိုအောင်ကျော်ကျော်ဟာ သံဃာ့လှုပ်ရှားမှုကြီးကို ဦးဆောင်ပါဝင်ခဲ့တဲ့ ဦးဂမ္ဘီရရဲ့ညီ ဖြစ်ပါတယ်၊ မိသားစုနဲ့နီးစပ်တဲ့သူတစ်ဦး ပြောပြခဲ့တာကတော့ –

“သံဃာ့တပ်ပေါင်းစုက ဆရာတော်ဦးဂမ္ဘီရကို ဖမ်းမမိတဲ့အတွက် သူ့ရဲ့ညီနဲ့အမေကို ၁၆ ရက်နေ့က မိတ္ထီလာမြို့မှာ ဖမ်းဆီးသွားတယ်၊ နောက်သထုံမှာရောက်နေတဲ့ သူ့ညီတစ်ယောက်ဖြစ်တဲ့ ကိုအောင်ကျော်ကျော်ကိုတော့ ရန်ကုန်မြို့လယ်က လှည်းတန်းမှာ အာဏာပိုင်တွေက ဖမ်းသွားတယ်၊ စုစုပေါင်း ကိုအောင်ကျော်ကျော် အပါအဝင် သုံးယောက်ပေ့ါနော်၊ ဖအေနဲ့ ညီမလေးကတော့ အခု ထွက်ပြေးနေတယ်ပေါ့။”

ဆန္ဒပြမှုမှာပါဝင်တဲ့ ကျောင်းသားတွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ၊ ရဟန်းသံဃာတွေရဲ့ မိသားစုဝင်တွေကိုပါ လိုက်လံ ဖမ်းဆီးနေပုံကိုလည်း အခုလို ဆက်ပြောပြပါတယ်။

“အခုဖမ်းနေတာက ကျနော်တို့ကြားနေရတာ သားသမီးတွေကို လိုချင်တယ်ဆိုပါတော့၊ သားသမီးတွေကို မမိလို့ရှိရင် အဲဒါ မိဘတွေကိုဖမ်းတယ်၊ အကယ်၍ အဲဒါမိဘတွေပါ မတွေ့ဘူးဆိုလို့ရှိရင် ရှိတဲ့ ညီအကို၊ မောင်နှမတွေကိုပါ လိုက်ဖမ်းနေတယ်။”

ဒီလုပ်ရပ်ကိုကြည့်ခြင်းအားဖြင့် အပြစ်မရှိတဲ့သူတွေကို ဖမ်းဆီးနေတာဖြစ်ပြီး ပြန်ပေးဆွဲတဲ့ပုံစံဖြစ်နေတယ်လို့မိသားစုဝင်တွေကဆိုပါတယ်။ အခုဆိုရင် မိသားစုဝင်တွေသာမက နီးစပ်ရာ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းတွေကအစ ဖမ်းဆီးနေမှုတွေကိုလုပ်နေတာကြောင့် မြန်မာနိုင်ငံရဲ့အခြေအနေဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့ဆိုးရွားလာတဲ့အကြောင်း ဆန္ဒပြလှုပ်ရှားသူတွေက ပြောဆိုနေပါတယ်။ ■

*မမှုသည် အာဏာကို နိုင်မြဲ။ *
*လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ*

---

## စစ်အစိုးရ၏ ဥပဒေမူကြမ်းကော်မရှင်ကို အတိုက်အခံများက လက်မခံ

*ရေဝတီ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

စစ်အစိုးရက ဖွဲ့စည်းထုတ်ပြန်လိုက်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို အတိုက်အခံအဖွဲ့များက လက်မခံကြောင်း သိရပါတယ်။

နအဖစစ်အစိုးရက ကြေညာချက်အမှတ် ၂/၂၀၀၇ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်ကို အောက်တိုဘာ (၁၈)ရက်နေ့စွဲဖြင့် ဖွဲ့စည်းလိုက်ကြောင်း ယနေ့ထုတ် အစိုးရသတင်းစာများတွင် ထုတ်ပြန်ကြေညာထားပါတယ်။ ယင်းဖွဲ့စည်းပုံရေးဆွဲရေး ကော်မရှင်ကို တရားသူကြီးချုပ် ဦးအောင်တိုးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအပါအဝင် အဖွဲ့ဝင် (၅၄)ဦးနှင့် ဖွဲ့စည်းလိုက်ကြောင်း နအဖ အတွင်းရေးမှူး (၁) ဒု ဗိုလ်ချုပ်ကြီး သိန်းစိန်အနေနှင့် ထုတ်ပြန်ခြင်းဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၀ခုနှစ်မေလ ရွေးကောက်ပွဲအပြီးတွင် ထုတ်ပြန်သည့် ၁/၉၀ ကြေညာချက်အရ အရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကသာ ရွေးဆွဲရမည်ဖြစ်သည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဦးအောင်ထူးကပြောပါတယ်။

“၁/၉၀ ကြေညာချက်က အခုအချိန်ထိ တရားဝင် ဖျက်သိမ်းသေးတာမဟုတ်တဲ့အတွက် အခြေခံဥပဒေကို အရွေးကောက်ခံကိုယ်စားလှယ်တွေကသာ ရေးဆွဲခွင့်ရှိပါတယ်။ တခြားသူ ရေးဆွဲခွင့်မရှိပါဘူး”ဟု ဦးအောင်ထူးက ရေဝတီသို့ပြောသွားပါတယ်။

ယင်း ၁/၉၀ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)က ပါဝင်လက်မှတ်ရေးထိုးထားသည်ဟု အန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းညွန့်က ပြောပါတယ်။ ထို့ပြင် ၎င်းက စစ်အစိုးရထုတ်ပြန်သည့် ၅/၉၆ ကြေညာချက်ကိုလည်း ပယ်ဖျက်ရန်ပြောဆိုပါတယ်။

“၅/၉၆ က အခြေခံဥပဒေ ရေးဆွဲရေးမှာ အများပြည်သူ ပါဝင်ပက်သက်ခွင့်အရနိုင်တဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒီအခြေခံ ဥပဒေဆိုတာ မြန်မာနိုင်ငံသား အားလုံးနဲ့ဆိုင်တယ်”ဟုလည်း ဦးသိန်းညွန့်ကပြောပါ

တယ်။ အန်အယ်လ်ဒီပါတီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် ရာခိုင်နှုန်း (၈၀)ကျော် မဲအပြတ်အသတ်ဖြင့် အနိုင်ရထားသောပါတီဖြစ်ပါတယ်။

"လူထုပါဝင်ပတ်သက်နိုင်မှုကို စနစ်တကျပြင်းပယ်ခြင်းခံထားရတဲ့ အခြေခံအောက်ကနေ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတယ်ဆိုတာ ဘယ်တော့မှ တိုင်းပြည်အတွက် လူထုအတွက်ဆက်လက်ပြီး ဦးအောင်ထူးက ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလာဒ်နှင့် ၁/၉၀ ကြေညာချက်ကို ဥပေက္ခာပြုပြီး စစ်အစိုးရက ၁၉၉၂ ခုနှစ်တွင် အမျိုးသားညီလာခံကော်မရှင် ဥပဒေကို ထုတ်ပြန်၍ အမျိုးသာညီလာခံကို ဖော်ဆောင်လာခြင်းဖြစ်သည်ဟုလည်း ဆိုပါတယ်။

အဆိုပါညီလာခံသည် အတုအယောင်ညီလာခံဖြစ်သောကြောင့် ၎င်းက ထွက်ပေါ်လာသော နောက်ဆက်တွဲဖြစ်စဉ်များကိုလည်း လက်မခံကြောင်း ကရင်အမျိုးသားအစည်းအရုံး(ကေအန်ယူ)အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာက ပြောပါတယ်။ မွန်ပြည်သစ်ပါတီ နိုင်ငံခြားရေးတာဝန်ခံ နိုင်အောင်မငေးလည်း အမျိုးသားညီလာခံ၏ နောက်ဆက်တွဲထွက်ပေါ်လာသည့် အကျိုးဆက်များကို မထောက်ခံကြောင်းပြောပါတယ်။

"ကျနော်တို့က အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းများကို မကြိုက်လို့၊ ပကတိ အခြေအနေနဲ့ လိုက်လျော်ညီထွေမရှိလို့ ကိုယ်စားလှယ်အဖြစ်ကနေ နုတ်ထွက်ပြီးတော့ လေ့လာသူအနေနဲ့ပဲ စောင့်ကြည့်နေတာပါ၊ ဒါကြောင့် အမျိုးသားညီလာခံရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေဟာ ကျနော်တို့နဲ့လည်း မဆိုင်ဘူး၊ ပတ်လည်း မပတ်သက်ဘူး၊ ထောက်လည်းမထောက်ခံဘူး"ဟု နိုင်အောင်မငေးက ပြောပါတယ်။

ယနေ့ထုတ် အစိုးရသတင်းစာတွင် စက်တင်ဘာ(၂၉)ရက်နေ့ကစတင်သည့်နိုင်ငံနှင့်အဝန်း အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုပွဲများတွင် ပြည်သူလူထုက တခဲနက်ထောက်ခံအားပေးကြကြောင်း၊ ထိုထောက်ခံမှုကို လေးစားသောအားဖြင့် ပြည်သူ့ဆန္ဒအရ ယခုကော်မရှင်ကို ဖွဲ့စည်းရခြင်းဖြစ်သည်ဟု ဖော်ပြထားပါတယ်။

"အဲဒီသတင်းစာမှာပါတဲ့ ပြည်သူရဲ့ထောက်ခံဆန္ဒကို လေးစားလို့ ဆိုရင် ပြီးခဲ့တဲ့ ဩဂုတ်လ၊ စက်တင်ဘာလ ဆန္ဒပြပွဲတွေက ပြည်သူလူထုရဲ့ ထုတ်ဖော်တဲ့ဆန္ဒကိုလည်းလေးစားဖို့လိုပါတယ်။ အဲဒီမှာ တွေ့ဆုံဆွေးနွေးရေး၊ နိုင်ငံရေးအရ ဖြေရှင်းရေးနိုင်ငံရေး အကျဉ်းသားတွေ ပြန်လွှတ်ရေးတွေကို တောင်းဆိုတာတွေ ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ ဆန္ဒအစစ်ဖြစ်ပါတယ်"ဟု နိုင်အောင်မငေးက ဆက်လက်ပြောပါတယ်။

စစ်အစိုးရ၏ လူထုထောက်ခံပွဲများသည် အစစ်အမှန်မဟုတ် အမိန့်ဖြင့် စေခိုင်းခြင်းဖြစ်သောကြောင့် ပြည်သူလူထု ဆန္ဒဟုလက်မခံနိုင်ကြောင်း ဖဒိုမန်းရှာကလည်း ပြောပါတယ်။

"တိုင်းပြည်ရဲ့ ပြဿနာတွေကို စစ်အစိုးရဟာ တွေ့ဆုံဆွေးနွေးရေး နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းမှ အဖြေမှန်ရမှာ ဖြစ်ပါတယ်"ဟု ဖဒိုမန်းရှာက ပြောဆိုသွားပါတယ်။■

---

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

## မြန်မာ့အရေးတွင် နိုင်ငံတကာကော်ပိုရေးရှင်းများ ပူးပေါင်းကူညီရန် လိုအပ်

*ခေတ်ပြိုင်၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန် ကုလသမဂ္ဂက လုပ်ဆောင်နေမှုအပေါ် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေကြသည့် နိုင်ငံတကာ ကော်ပိုရေးရှင်းများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ရွှေသဘာဝဓါတ်ငွေ့ လှုပ်ရှားမှုအဖွဲ့မှ တိုက်တွန်းလိုက်သည်။

ယမန်နေ့ကထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ပြည်သူလူထုအား အကြမ်းဖက်နှိမ်နင်းသတ်ဖြတ်နေသည့် စစ်အစိုးရနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည့် နိုင်ငံတကာကော်ပိုရေးရှင်းများ အနေဖြင့်လည်း ၎င်းတို့စီမံကိန်းများ ကိုရပ်ဆိုင်းထားခြင်းဖြင့် ကုလသမဂ္ဂ လုပ်ဆောင်ချက်များကို ပူးပေါင်းဆောင်ရွက်ကြရန်ဖော်ပြထားသည်။

ဖိအားပေးပြီးလက်ရှိနိုင်ငံရေးအခြေအနေအရ ကုလသမဂ္ဂဝင်ရောက်ဖြေရှင်းပေးနေမှုကို တစုံတရာအထိ ထောက်ခံအားပေးရန် လိုအပ်ကြောင်း၊ Total Chevronတို့က ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများကို လူထုအတွက်အကျိုးဖြစ်ထွန်းသည်ဟု ပြောဆိုနေသော်လည်း လက်ရှိဖြစ်ပွားခဲ့သော အခြေအနေများအရ ၎င်းတို့ ရင်းနှီးမြှုပ်နှံမှုများကြောင့်သာ စစ်အစိုးရမှာ လူထုအား ဆက်လက်ဖိနှိပ်နေနိုင်ခြင်းဖြစ်ကြောင်း ပြောသည်။

စက်တင်ဘာ သတ်ဖြတ်မှုများကြောင့် နိုင်ငံတကာမှ စစ်အစိုးရအား ပြင်းပြင်းထန်ထန်ဝေဖန်မှုများ ရှိနေချိန်တွင် ရခိုင်ကမ်းလွန်ပြင်ရှိ ရွှေသဘာဝဓါတ်ငွေ့တူးဖော်မှု၌ အများဆုံးရင်းနှီးမြှုပ်နှံထားသည့် တောင်ကိုရီးယားရှိ ဒေဝူးနိုင်ငံတကာကော်ပိုရေးရှင်က "နိုင်ငံရေးသည် နိုင်ငံရေးပင်ဖြစ်ပြီး စီးပွားရေးသည်လည်း စီးပွားရေးပင်ဖြစ်သည်" ဟု ပြောဆိုသည်။

ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့မှ ခိုင်ကျော်ခိုင်ကလည်း ၂၀၀၂ မှ ၂၀၀၆ခုအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၅၀) ရာခိုင်နှုန်းကျော်သည် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများမှဖြစ်ပြီး ၎င်းဝင်ငွေများသာမရရှိခဲ့ပါက နအဖ အနေဖြင့် ရပ်တည်နိုင်မည်မဟုတ်ကြောင်းပြောသည်။

စစ်အစိုးရသည် ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံသို့သဘာဝဓါတ်ငွေ့ရောင်းချရာမှာ အမေရိကန်ဒေါ်လာ ကုဋေ (၂.၁၆)သန်း ရရှိခဲ့ရာ ၎င်းသည် ဝင်ငွေစုစုပေါင်း၏ (၄၃)ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

"အခုက ကမ္ဘာကြီးမှာ လောင်စာအကြပ်အတည်းကာလ ဖြစ်နေတယ်လေ။ အဲဒီနိုင်ငံတွေရဲ့ အကျိုးစီးပွားက ရေနံနှင့် ဂတ်စ်ရဖို့၊ လျှပ်စစ်စွမ်းအင်ရဖို့အတွက်က အခြားနိုင်ငံမှာ ဘာပဲဖြစ်နေဖြစ်နေ ကိုယ့်နိုင်ငံမှာ အဓိကဖူလုံရေးအတွက်ပဲ စဉ်းစားကြတာလေ။ ဆိုတော့ ကျနော်တို့နိုင်ငံရဲ့ ပကတိအခြေအနေတွေကို နိုင်ငံတကာသို့ များများတင်ပြနိုင်ရင်တော့ စဉ်းစားမှုတွေ ဖြစ်လာပါလိမ့်မယ် " ဟု ခိုင်ကျော်ခိုင်ကပြောသည်။

ရွှေသဘာဝဓါတ်ငွေ့လှုပ်ရှားမှုအဖွဲ့ (အိန္ဒိယ) မှ ကိုကင် "အိန္ဒိယက ရခိုင်ဓါတ်ငွေ့ကိုအငမ်းမရဝယ်ယူဖို့လုပ်ဆောင်နေတာဟာ ကျန်တဲ့ လောင်စာဝယ်ယူချင်တဲ့နိုင်ငံတွေကို မျက်စပစ်သလိုဖြစ်နေတယ်လေ။ နအဖ အဖွဲ့နဲ့ သွားပြီးပူးပေါင်းဖို့ဆိုသလိုပေါ့။ ဒါကြောင့်မို့ ကျနော်တို့က အီးယူနိုင်ငံတွေကလုပ်တဲ့ စီးပွားပိတ်ဆို့မှုလိုမျိုး နအဖရဲ့ ရင်းနှီးမြှုပ်နှံနေတဲ့ နိုင်ငံတွေကလုပ်ဖို့တိုက်တွန်းတာပါ" ဟု ပြောသည်။

၂၀၀၆–၀၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် လောင်စာအရင်းအမြစ်ရောင်းချရေး သဘောတူညီချက်များကြောင့် နှစ်ဆကျော်တိုးလာခဲ့ရာ ဒေါ်လာကုဋေ (၁၄.၄)သန်း ရှိခဲ့ပြီး ယင်းအထဲတွင် ထိုင်းနိုင်ငံမှာ ရေအားလျှပ်စစ်စီမံကိန်းအတွက် ဒေါ်လာကုဋေ (၆.၁၃၃) သန်းဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာကုဋေ (၂.၉၃၈)သန်းခန့်ရှိသည်။ ■

---

## ရှဒ်မတ်အတိုင်းဆက်သွားရန် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် စစ်အစိုးရဖွဲ့စည်း

*ခေတ်ပြိုင်၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥဒေမူကြမ်းရေးဆွဲရန်အတွက် တရားသူကြီးချုပ် ဦးအောင်တိုးခေါင်းဆောင်သည့် အဖွဲ့ဝင် (၅၄)ဦးပါ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကိုဖွဲ့စည်းလိုက်ကြောင်း နအဖ စစ်အစိုးရက ကြေညာသည်။


အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထု တရပ်လုံးက ထောက်ခံကြိုဆိုပွဲများကျင်းပ၍ အုံအုံကြွက်ကြွက် ထောက်ခံအားပေးနေမှုကို လေးစားသောအားဖြင့်သော်လည်းကောင်း မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်သည့်အနေဖြင့်သော်လည်းကောင်း ထိုကော်မရှင်ကို ဖွဲ့စည်းခြင်း ဖြစ်သည်ဟု နအဖ အတွင်းရေးမှူး (၁) ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်အမိန့်ဖြင့် ထုတ်ပြန်သည့် ယမန်နေ့ကြေညာချက်တွင်ပါရှိသည်။

ကော်မရှင်၌ တရားသူကြီးချုပ် ဦးအောင်တိုးက ဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင် က ဒု–ဥက္ကဋ္ဌ၊ မန္တလေးဆေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာသောင်းမြင့်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အငြိမ်းစားပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာစိုးရင်၊ ဒေါက်တာသာလှရွှေ၊ ဒေါက်တာခင်ဇော် စသူတို့ ပါဝင်သည်။

အခုဖွဲ့စည်းလိုက်သည် နအဖ စစ်အစိုးရ၏ ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးကော်မရှင်သည် ရုပ်ပြအဖွဲ့သာဖြစ်သည်ဟု ထိုင်း–မြန်မာနယ်စပ် အခြေစိုက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးနှင့် ညှိနှိုင်းမှု ကော်မိတီ၏ အတွင်းရေးမှူး ဦးသိန်းဦးက ပြောကြားသည်။

“သူတို့ချမှတ်ခဲ့တဲ့ လမ်းညွှန်းမှု (၆)ချက်၊ အခြေခံမှု (၁၀၄)ချက်နဲ့ အသေးစိတ်အခြေခံရမယ့် မူတွေချမှတ်လိုက်တာက ပြီးသလောက်ဖြစ်နေပါပြီ၊ အဲ့ဒါတွေကို လိုက်ပြီးနံပါတ်တွေ ဂဏန်းတွေ တပ်လိုက်လို့ရှိရင် ပုဒ်မတွေဖြစ်သွားပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာမှာပါပဲ။ မူကြမ်းရေးဆွဲရေးကော်မရှင်ဆိုတာ တကယ့်ရုပ်ပြဖွဲ့စည်းထားတဲ့ အဖွဲ့ပဲဖြစ်ပဲဖြစ်ပါတယ်။

---




စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးနှင့် စစ်တပ်ကနေလေးပုံတပုံ အချောင်နေရာဝင်ပြီး ယူမယ်ဆို့တဲ့ဟာကိုပဲ ပုဒ်မလိုက်တပ်တဲ့ အဆင့်ပဲရှိပါတယ်။ ကျန်တာကတော့ လုံးဝထူးခြားမှုမရှိဘူး”ဟု ပြောကြားသည်။

လူထုထောက်ခံမှု အမှန်တကယ်ရစေရန် နိုင်ငံ၏အမျိုးသားနိုင်ငံရေး၌ စစ်တပ်က ဦးဆောင်ရမည်ဆိုသည့် အခန်းကဏ္ဍကို ပြင်ဆင်ရေးဆွဲပေးရန် လိုအပ်ကြောင်း၊ ထိုသို့မလုပ်ဆောင်ပဲ နအဖ စိတ်ကြိုက်ရေးဆွဲထားသည့် အခြေခံဥပဒေကို အတည်ပြုမည်ဆိုပါက ပြည်သူလူထုလက်ခံမည် မဟုတ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်ဆိုင်သူများအားလုံး ပါဝင်ဆွေးနွေးလုပ်ဆောင်ရန်ကုလသမဂ္ဂနှင့် နိုင်ငံတကာက တွန်းအားပေးနေချိန်၌ နအဖ စစ်အစိုးရက ၎င်းတို့ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ရှေ့ဆက်ရန် တတိယအဆင့်ဖြစ်သည့် အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကို အကောင်းအထည်ဖော်သည့်အနေဖြင့် ကော်မရှင်တရပ် ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ ■

---

## အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းခြင်းဖြင့် စစ်အစိုးရ အမှားတစ်ခု ထပ်မံကျူးလွန်

*ဗွီအိုအေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းလိုက်တာဟာ စစ်အစိုးရက မိမိချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ကိုယ်တိုင်ဖောက်ဖျက်ခဲ့ပြီး အမှားတစ်ခုထပ်မံကျူးလွန်လိုက်တာ ဖြစ်တယ်လို့ ပြည်ပအခြေစိုက် ဥပဒေပညာရှင်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက သုံးသပ်ပါတယ်။ ဘာကြောင့် ဒီလို သုံးသပ်ကြတာပါလဲ။ ဒီအကြောင်းကို ထိုင်းအခြေစိုက်သတင်းထောက် ဦးမိုးဇော်က တင်ပြထားပါတယ်။

မနေ့က မြန်မာစစ်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို အဖွဲ့ဝင် ၅၄ ယောက်နဲ့ဖွဲ့စည်းကြောင်း ကြေညာခဲ့ပါတယ်။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီရဲ့ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဒီလိုဖွဲ့စည်းတာဟာ စစ်အစိုးရက သူတို့ကိုယ်တိုင်ချမှတ်ခဲ့တဲ့ အမိန့်ကြေညာစာအမှတ် ၁/၉၀ ကို ထပ်မံ ဖောက်ဖျက်တာဖြစ်တယ်လို့ ပြောပါတယ်။

“အမျိုးသားညီလာခံ စအကောင်အထည်ဖော်ကတည်းကိုက ၁/၉၀ နဲ့ ဆန့်ကျင်တယ်လေ။ ၁/၉၀ အပိုဒ် (၂၀) ရဲ့ သဘောအရဆိုရင်တော့ ၁၉၉၀ မေလရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ ပုဂ္ဂိုလ်တွေရဲ့ တာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့သာ ဖြစ်တယ်လို့ အတိအလင်း ပြဌာန်းထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ့်ပုဂ္ဂိုလ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေပဲဖြစ်ရမယ်။ ဒါ ပထမအချက်။ ဒုတိယအချက်က အဲဒီအချက်အလက်ကိုလေးစားတယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ အမျိုးသားညီလာခံ ခေါ်ကတည်းကိုက လွှတ်တော်ကိုယ်စားလှယ်တွေကိုသာ ခေါ်ခွင့်ပေးရမှာဖြစ်တယ်။ အခြားပုဂ္ဂိုလ်တွေပါလို့ မရဘူး။ အခြားပုဂ္ဂိုလ်တွေ ပါစေချင်တယ်ဆိုရင် ၁/၉၀ ကို နအဖက အရင်ဆုံး ဖျက်ပေးဖို့လိုတယ်။ သို့သော် ၁/၉၀ ကို မဖျက်ဘဲနဲ့ အမျိုးသားညီလာခံ ဆက်ကျင်းပသွားတာကိုက ၁/၉၀ အပုဒ် (၂၀) နဲ့ဆန့်ကျင်သွားတာဖြစ်တယ်။ ဒါ ဒုတိယအချက်ဖြစ်တယ်။တတိယအချက်က ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေကိုချပြီးတဲ့အခါမှာလည်းပဲ ဒီမူတွေအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်အဖြစ် အသွင်ပြောင်းတော့မယ်ဆိုရင် ၁/၉၀ အပိုဒ် (၂၀) အရဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်သာဖြစ်တာကြောင့် အဲဒါကို လုံးဝဥပက္ခာပြုပြီး

သူနည်းသူ့ဟန်နဲ့ဆက်ဆွဲတဲ့ပုဂ္ဂိုလ်ကတော့ လက်ရှိတည်ဆဲဥပဒေနဲ့ရော ဖြစ်သင့်တာနဲ့ရော လုံးဝမကိုက်ညီတဲ့ အချက်ဖြစ်တယ်လို့ ကျနော်တို့ ပြောလိုတယ်။”

ဦးအောင်ထူးက လက်ရှိရေးဆွဲမယ့် အခြေခံဥပဒေဟာ လူထုပါဝင်မှုကို ပိတ်ပင်ထားတာကြောင့် ဥပဒေကောင်းတစ်ရပ် မဖြစ်နိုင်ဘူးလို့ ဆက်ပြောပါတယ်။

“ဒီကိုယ့်တိုင်းပြည်ရဲ့ အသက်သွေးကြောလိုဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲတဲ့ကိစ္စမှာ လူထုရဲ့ပါဝင်ပတ်သက်မှုက အရေးကြီးဆုံး ဖြစ်ပါတယ်။ အဲဒါနဲ့ဆန့်ကျင်ပြီးတော့ လူထုပါဝင်နိုင်မှုကို စနစ်တကျ ငြင်းပယ်နိုင်ဖို့ရာအတွက်ကို ၅/၉၆ ကို ပြဋ္ဌာန်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ ကြိုးစားတဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေကို ထောင်ဒဏ် အနှစ် ၂၀ ချတယ်ဆိုတဲ့ ဥပဒေရှိနေတာကိုက ကျနော်တို့ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးကို လုံးဝ ပိတ်ပင်ဟန့်တားထားတဲ့အချက် ဖြစ်တယ်။ ဘယ်တိုင်းပြည်မှာမှ ဒီဥပဒေမျိုးမရှိဘူး။ ဘယ်နိုင်ငံမှာမှ မရှိဘူး။ ဒါကြောင့် ဒီအခြေခံအောက်ကနေပြီးတော့ တိုင်းပြည်မှာ ဘယ်လိုနည်းနဲ့မှ စစ်မှန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်း တစ်ရပ်ပေါ်မလာနိုင်ဘူး။”

ရှမ်းပြည်နယ် ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီရဲ့ အဖွဲ့ဝင်လည်းဖြစ်၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ရဲ့ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်မှူးကြီး ခွန်ဥက္ကာကတော့ အခုလို သုံးသပ်ပါတယ်။

“ကျနော့် သုံးသပ်ချက်ကတော့ အခြေခံမူ ၆ ချက်၊ အသေးစိတ်အခြေခံရမည့် ၁၀၄ ချက်။ အဲဒီအချက်တွေ ထွက်လာပြီးကတည်းကိုက ကျနော်တို့ လုပ်ထုံးလုပ်နည်းနဲ့အညီ မဟုတ်ဘူး။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲရမယ့်လုပ်ငန်းစဉ်နဲ့လည်း မကိုက်ဘူး။ ဒီ Process က မှားနေတဲ့အခါကျတော့ Process အမှားကနေထွက်လာတဲ့ ရလဒ်ဖြစ်တဲ့ အခြေခံမူ ၆ ချက်၊ အသေးစိတ်အခြေခံရမယ့်မူ ၁၀၄ ချက်က တကယ်တော့ ဘယ်ကိုမှ ဦးမတည်ဘူး။ စစ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်ဖို့ပဲ ဦးတည်နေတယ်။ ဦးတည်နေတော့ အဲဒီတည်းကိုက လွဲနေပြီ၊ မှားနေပြီ အခု ဦးအောင်တိုး ဥက္ကဋ္ဌဖြစ်တဲ့ Drafter တွေက မွမ်းမံအုံးတော့ Drafter တွေက သနပ်ခါးလိမ်းး ပန်းပန်တာပဲရှိမယ်။ မူလအခြေခံကိုက မှားနေတဲ့အခါကျ၊ အဲဒါက ဖွဲ့စည်းပုံအကောင်းတစ်စုံတော့ ဖြစ်လာစရာအကြောင်း မရှိဘူးလို့ သုံးသပ်တာပေါ့။”

ဖယ်ခုံမြို့နယ်က ကယန်းအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုဘန်က မြန်မာအစိုးရအနေနဲ့အခုလို ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရေးကို တဖွတ်ထိုးဆောင်ရွက်နေတာကို ပြည်သူတွေနဲ့ နိုင်ငံတကာက လက်ခံမှာမဟုတ်ဘူးလို့ ပြောပါတယ်။

“တိုင်းပြည်ရဲ့အာဏာ မူလပိုင်ရှင်အစစ်အမှန်ဟာ ပြည်သူလူထု ဖြစ်တယ်။ လူထုက ၁၉၉၀ မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်စွာအာဏာလွှဲအပ်ထားပြီးသားဖြစ်တယ်။ အဲဒါတွေကို နအဖ က လုံးဝ ဆန့်ကျင်တဲ့အတွက်ကြောင့် ပြည်သူလူထုတစ်ရပ်လုံးကို စော်ကားလိုက်ခြင်းဖြစ်တယ်။ ဒါကြောင့် ညီလာခံပဲဖြစ်ဖြစ်၊ အခုသူတို့ ရေးဆွဲမယ်ဆိုတဲ့ ရေးဆွဲရေးကော်မရှင် ၅၄ ဦးပဲဖြစ်ဖြစ် ဒါကအားလုံး အတုယောင်ပဲ ဖြစ်တယ်။ ဒါကို ပြည်သူလူထုက လက်ခံနိုင်မယ်မဟုတ်ဘူး။ နိုင်ငံတကာကလည်း လက်ခံနိုင်မယ်မဟုတ်ဘူး။ သူက တွေ့ဆုံဆွေးနွေးရေးကို ကျောခိုင်းပြီးတော့ တဖွတ်ထိုးလုပ်ရပ်တစ်ခုဖြစ်တယ်လို့ ကျနော် အဲလိုပဲမြင်ပါတယ်။”

မြန်မာနိုင်ငံမှာလွတ်လပ်ရေးရပြီးချိန်မှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ အခြေခံဥပဒေဟာ ပင်လုံသဘောတူညီချက်ဖြစ်တဲ့ တိုင်းရင်းသား တန်းတူညီမျှရေးမရှိတာကြောင့် ပြည်တွင်းစစ် အရှိန်မြင့်မားခဲ့ရတယ်။ နောက် ၁၉၇၄ ဥပဒေဟာ ဒီမိုကရေစီ မရှိတာကြောင့် ၁၉၈၈ မှာ လူထုအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရတယ်။ ဒါကြောင့် နောက်ရေးဆွဲမယ့် အခြေခံဥပဒေဟာ အရင် အခြေခံဥပဒေရဲ့ အားနည်းချက်တွေအပေါ်မှာ သင်ခန်းစာယူသင့်တယ်လို့ ဦးခွန်မားကိုဘန်က တိုက်တွန်းထားပါတယ်။ ■

## ဖွဲ့စည်းအုပ်ချုပ်ပုံ မူကြမ်းရေး ဆွဲရေး ကော်မီတီအပေါ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ သဘောထားအမြင်

*အာအက်ဖ်အေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

စစ်အစိုးရက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီလူစာရင်းကို ကြာသာပတေးနေ့က ထုတ်ပြန်လိုက်ပါတယ်။ အဲ့ဒီ ထုတ်ပြန်ချက်ဟာ စစ်အစိုးရကိုယ်တိုင် ထုတ်ပြန်ထားတဲ့ကြေညာချက် အမှတ် ၁/၉၀ နဲ့ ကိုက်ညီမှုမရှိဘူးလို့ အန်အယ်လ်ဒီပါတီက ပြောပါတယ်။ အဓိကကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေပါဝင်ရမှာဖြစ်တယ်လို့ အန်အယ်လ်ဒီပါတီက အထူးပြန်ကြားရေးတာဝန်ခံ ဦးသိန်းညွန့်က ပြောပါတယ်။

အန်အယ်လ်ဒီပါတီလိုပဲ စစ်အစိုးရရဲ့ ထုတ်ပြန်ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ကလည်း စစ်အစိုးရ ရွေးချယ်သတ်မှတ်ခံထားခဲ့တဲ့ ကိုယ်စားလှယ်များနဲ့ ရေးဆွဲမယ်ဆိုရင် (MPU) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပြည်သူလူထုကောင်းကျိုးအတွက် ရှေ့ရှုတာထက် စစ်အစိုးရသက်ဆိုးရှည်ရေးအတွက် ဖြစ်လိမ့်မယ်၊ နိုင်ငံတော် အနာဂတ်အတွက်ကောင်းတဲ့ရလဒ်ဖြစ်မှာမဟုတ်ဘူးလို့ ဒီကနေ့ ကြေညာချက် ထုတ်ပြန်ထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အန်အယ်လ်ဒီပါတီက အထူးပြန်ကြားရေးတာဝန်ခံ ဦးသိန်းညွန့်ကို ဦးတင်အောင်ခိုင်က ဆက်သွယ်မေးမြန်းထားပါတယ်။

မေး။ ။ ဦးသိန်းညွန့်ခင်ဗျ စစ်အစိုးရထုတ်ပြန်လိုက်တဲ့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့်ပတ်သက်တဲ့ လူပုဂ္ဂိုလ်စာရင်းကို ထုတ်ပြန်လိုက်တဲ့ ထုတ်ပြန်ချက်နဲ့ပတ်သက်ပြီးတော့ အန်အယ်လ်ဒီပါတီရဲ့ သဘောထားကို နည်းနည်းပြောပြပေးပါခင်ဗျ။

ဖြေ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး နိုင်ငံသားတွေရဲ့ ဆန္ဒနဲ့အညီကျယ်ကျယ်ပြန့်ပြန့် ပြည်လည်သုံးသပ်ပြီးတော့ ဟုတ်လား အားလုံးလက်ခံနိုင်တဲ့၊ အများပြည်သူလက်ခံနိုင်တဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဦးတည်တဲ့ အခြေခံဥပဒေတရပ်ပေါ်ပေါက်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍက အရေးကြီးတယ်ဆိုတဲ့အချက်ပါပဲ။ ဒါဟာ ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ သဘောထားပါ။

မေး။ ။ ဟုတ်ကဲ့အခုဆိုလို့ရှင်ရင်လက်ရှိ စစ်အစိုးရကနေ ဖွဲ့စည်းပေးလိုက်တဲ့ (၅၄)ဦးပါအဖွဲ့ဟာ ၁/၉၀ထုတ်ပြန်ချက်နဲ့ လုံးဝကိုက်ညီမှု မရှိဘူးလို့ ဆိုလိုတာလားခင်ဗျ။

ဖြေ။ ။ ကျွန်တော်တို့ လေ့လာသမျှတော့ အဲ့ဒီ (၅၄)ယောက် ထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့တော့ ကျွန်တော်တို့သိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့တော့ ကျွန်တော်မတွေ့ရပါဘူးခင်ဗျ။

မေး။ ။ ဟုတ်ကဲ့ဒီထုတ်ပြန်ကြေညာချက်နဲ့ ပတ်သက်ပြီးပေါ့ တရားဝင်မှု မဝင်မှုနဲ့ပတ်သက်ပြီးတော့ကော့ အန်အယ်လ်ဒီပါတီအနေနဲ့ ဘယ်လိုများ မြင်ပါသလဲခင်ဗျ။

ဖြေ။ ။ လွှတ်တော်ကိုယ်စားလှယ်တွေမပါဘဲနဲ့ အခြေခံဥပဒေရေးဆွဲမယ်ဆိုရင် တရားဝင်မှုဆိုင်ရာအပိုင်းဆိုင်ရာမှာ စိန်ခေါ်မှုတွေ၊ မေးခွန်းထုတ်စရာပေါ်လာမယ်လို့ ဒါတလျှောက်လုံး ကျွန်တော်တို့ အဖွဲ့ချုပ်ရဲ့ ကြေညာချက်တွေမှာ ထောက်ပြခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။ ဟုတ်ကဲ့ခင်ဗျ အခုလတ်တလောအခြေအနေအရ ဆိုရင် ကုလသမဂ္ဂကနေပြီးတော့ မြန်မာ့အရေးကိုကြားဝင်ဆောင်ရွက်ပေး နေတဲ့နေရာမှာ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့အပိုင်းကိုတော်တော်လေး အလေးပေး

ဖော်ညွှန်းထားတာတွေ့ရပါတယ်။ ဆိုတော့ ဒီနေရာမှာ ကုလသမဂ္ဂပြောနေတဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဟာ တထပ်တည်းကျသင့်သလား။ တွေ့ဆုံဆွေးနွေးရေးအပြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသင့်သလား ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အန်အယ်လ်ဒီပါတီက ဘယ်လိုများ ယူဆထားပါသလဲခင်ဗျ။

ဖြေ။ ။ ကျွန်တော်တို့ လေ့လာထားရသမျှတော့ ကုလသမဂ္ဂက အခြေခံဥပဒေ ဒီပြန်လည်သုံးသပ်ဖို့ အားလုံး သက်ဆိုင်သူအားလုံးပါဝင်ဖို့ လိုတယ်လို့ဆိုတာ ကုလသမဂ္ဂကပြောကြားနေတာရှိပါတယ်။ တွန်းတွန်းတိုက်တိုက် ဆောင်ရွက်နေတာရှိပါတယ်။ တချိန်တည်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံပြီးတော့ စကားပြောရမယ်ဆိုတာကိုလည်း သက်ဆိုင်ရာအာဏာပိုင်က ကြေညာချက်ထုတ်သလို အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်သွယ်ဖို့ဆိုပြီးတော့ ဆက်ဆံရေးဝန်ကြီး ခန့်ထားပြီးဖြစ်ပါတယ်။ အဲ့ဒါ ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ကတော့ အဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ဟာ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားကြီးပေါ်ပေါက်လာတဲ့အထိ ကျွန်တော်တို့ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေကို ကျွန်တော်တို့ လုပ်ပိုင်ခွင့် တိုက်ရိုက်လွှဲထားတာ ရှိပါတယ်။ အဲ့ဒါ အခုချိန်မျိုးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သက်ဆိုင်သူများက ဆွေးနွေးတဲ့အပေါ်မှာမူတည်ပြီးတော့ ပေါ်ပေါက်လာမယ့်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင်ပါပေ့ါဗျာ။ ကျွန်တော်တို့တိုင်းပြည်ကို ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာကူးပြောင်းမယ့် လုပ်ငန်းအစီအစဉ်အားလုံးကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ညှိနှိုင်းလို့ သဘောတူညီချက်ရမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက် အကောင်းဆုံးပါပဲ။ ■

---

## အခြေခံဥပဒေအပေါ် တခဲနက် ထောက်ခံသည့်ဆိုသည့်ထောက်ခံပွဲများအပေါ် လူထု၏ တုံ့ပြန်ချက်များ

*ဗွီအိုအေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက အုံးအုံးကြွကြွ ထောက်ခံနေတဲ့အတွက် ပြည်သူ့ဆန္ဒကို လေးစားသောအားဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းလိုက်တယ်လို့ စစ်အစိုးရက ကြေညာသွားပါတယ်။ လူထုဆန္ဒကရော ပြောတဲ့အတိုင်း တကယ်ပဲ တစ်ထပ်တည်းရှိပါရဲ့လား၊ ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထောက်ခံတဲ့ပွဲတွေအပေါ် ပြည်သူတချို့ရဲ့ သဘောထား ဘယ်လိုရှိလဲဆိုတာ ကိုသိန်းထိုက်ဦးက စုံစမ်းမေးမြန်း တင်ပြထားပါတယ်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ထောက်ခံပါတယ်လို့ ကြွေးကြော်ခဲ့တဲ့သူတွေထဲက အများစုက စစ်အစိုးရရဲ့ ထားရာနေ၊ စေရာသွား ဝန်ထမ်းတွေသာဖြစ်တယ်လို့ ရန်ကုန်မြို့က မြို့ခံတစ်ယောက်က ပြောပါတယ်။ ဒီ ဝန်ထမ်းတွေက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဘာတွေရေးထားတယ်၊ ဒီအခြေခံဥပဒေက ဘယ်လမ်းကြောင်းကိုသွားနေတယ် ဆိုတာမျိုးထက် သူတို့ အလုပ်မပြုတ်ရေးအတွက် ထောက်ခံပွဲတွေကို လိုက်တက်ခဲ့ရတာလို့လည်း ပြောပါတယ်။

"အရပ်ဘက် ဝန်ထမ်းတော်တော်များများကို အလုပ်က တစ်ရက်၊ အဲလိုပေ့ါနော် အလုပ်ကထွက်ပြီးအကုန်လုံး ဆန္ဒပြကြပါဆိုပြီး သူတို့ ပြောထားတာရှိတယ်၊ တော်တော်များများက မလုပ်ချင်ကြဘူး၊မလုပ်ချင်ကြပေမယ့်၊ ဒါပေမယ့် သူတို့မလုပ်လို့လည်းမရဘူး၊ အခု မင်းတို့ဒါဟာ နိုင်ငံတော်တာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်ဝန်ထမ်းတွေဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အစိုးရရဲ့မူအရ သူတို့ကိုထွက်ပြီးတော့ အဲဒီကွင်းထဲမှာထွက်အော်ခိုင်းတယ်၊ သူတို့က မသွားချင်ဘူး၊ မသွားလို့လည်းမရဘူး၊ အဲဒီတော့သွားရတယ်၊ အခုလည်းပဲ စက်ရုံဝန်ထမ်းတွေကို ခေါ်ပြီးတော့အော်ခိုင်းတယ်၊ မသွားလို့လည်းမရဘူး၊ ဆိုတော့ ကျနော်တို့က ဘာလဲဆိုတော့ ကျနော်တို့ရဲ့ စားဝတ်နေမှုနဲ့ အသက်အိုးအိမ်စည်းစိမ်ကို ချုပ်ကိုင်ထားတယ်၊ သူတို့ရဲ့ ချုပ်ကိုင်မှုကြောင့် လူတွေက သူတို့ကို ဘာပဲဖြစ်စေ ငြင်းလို့မရဘူး၊ ထစမ်းကွာဆိုလည်း ထရမှာပဲ၊ ထိုင်စမ်းကွာဆိုလည်း ထိုင်ရမှာပဲ။"

ထခိုင်းရင်ထ၊ ထိုင်ခိုင်းရင်ထိုင်ဆိုပေမယ့်လည်း မြန်မာစစ်အစိုးရက အခုလို အခြေခံဥပဒေကို ထောက်ခံပွဲတွေကို နေရာတိုင်းမှာ ခြိမ်းခြောက်တက်ခိုင်းတာတော့ မဟုတ်ပါဘူး၊ အချို့နေရာတွေမှာ ငွေတစ်ထောင်နဲ့ အထက်ပေးပြီးစည်းရုံးတဲ့ နည်းလမ်းတွေကိုသုံးခဲ့တယ်လို့ မြန်မာနိုင်ငံ အလယ်ပိုင်းက ဒေသခံတစ်ယောက်က အခုလိုအတည်ပြုပြောပါတယ်။

"အရင်လောက်တော့မကဘူး၊ အရင်က တစ်ထောင်နဲ့ရေသန့်ဘူးတစ်လုံးလောက်ပဲ ပေးတာလေ၊ နည်းနည်းတော့ များတယ်၊ ကျမတို့ တစ်ရွာကိုခေါ်တာ လူ ၅၀ ပေ့ါနော်၊ အဲလိုမျိုး ခေါ်ခိုင်းတာကတော့ ၅၀ လောက် ခေါ်ခိုင်းတာပေ့ါ၊ ဆိုတော့ လေးငါးယောက်ပဲခေါ်ပြီးတော့ အဲလိုပဲ သွားကြတာလေ၊ ရတဲ့ပိုက်ဆံကို ရပ်ကွက်ဥက္ကဋ္ဌတွေ၊ ရာအိမ်မှူး ပေ့ါနော်၊ ရပ်ကွက်ဥက္ကဋ္ဌတို့၊ ကြံ့ခိုင်ရေး ဥက္ကဋ္ဌတို့၊ ဒါပေမယ့် အခုဟာကလည်း ကျမတို့ရွာတွေမှာ ကြံ့ခိုင်ရေးဥက္ကဋ္ဌတွေပဲ သူတို့က ရပ်ကွက်ဥက္ကဋ္ဌ ဖြစ်သွားတာလေ၊ အတူတူပဲဖြစ်သွားတာ။"

လက်ရှိ ထောက်ခံပွဲတွေက ဥပဒေနဲ့အညီ ပြည်သူတွေကိုယ်တိုင်က အာဏာပိုင်တွေဆီ ခွင့်တောင်းပြီးကျင်းပခဲ့တာလို့လည်း မြန်မာစစ်အစိုးရသတင်းစာတွေက ရေးပါတယ်။ ဒါပေမယ့်လည်း ငြိမ်းချမ်းစွာ မေတ္တာပို့ စီတန်းလမ်းလျှောက်တဲ့ သံဃာတော်တွေကိုတောင် အကြမ်းဖက်ဖြိုခွဲခဲ့တဲ့နိုင်ငံမှာ အခြားသူတွေအနေနဲ့ရော ဒီလိုဆန္ဒထုတ်ဖော်ခွင့်တွေ့ရပ့ါမလားဆိုတာကတော့ မေးခွန်းထုတ်စရာတစ်ခုဖြစ်နေပါတယ်။ ဒီမိုကရေစီဆိုတာ သဘောထားကွဲလွဲသူတွေကိုလည်း ကွဲလွဲပိုင်ခွင့်ပေးရမယ်ဆိုတာကို မြန်မာစစ်အစိုးရက လက်ခံမယ့်ပုံမရှိသေးဘူးလို့ လေ့လာသူတွေက သုံးသပ်ပါတယ်၊ ရန်ကုန်မြို့ခံတစ်ယောက်ကတော့ အခုလိုပြောပါတယ်။

"ထောက်ခံပွဲတွေလုပ်တွေဆိုတာကလည်း ဒါအများလည်း သိတာပဲလေ၊ ဘယ်သူကမှ သဘောမကျဘဲနဲ့ သူတို့လိုက်ခေါ်ပြီးတော့၊ ပဲပြုတ်သယ်ကအစ ခေါ်ပြီးတော့ အဲလိုမျိုးလုပ်ခိုင်းတာတွေလည်း ရှိတယ်လေ၊ အဲဒီတော့ သူတို့အတင်းအဓမ္မခေါ်လို့သာ အဲလိုမျိုးသွားနေရတာပေ့ါ၊ အခု သူတို့က ပြောတယ်လေ၊ သူတို့ကိုပေ့ါ။ ခွင့်တောင်းပြီးတော့ ဒီဆန္ဒခံယူပွဲလုပ်လို့ရှိရင် သူတို့ကရမယ်လို့ပြောတယ်၊ ကျမ အဲဒီ NLD ကနေပြီးတော့ ကျမတို့ လူထုထောက်ခံပွဲ လုပ်လို့ရှိရင် ရမလား၊ မရမလား။ အဲလိုမျိုးပေ့ါ၊ NLD ကိုလည်း လူထုထောက်ခံပွဲတွေ လုပ်စေချင်တယ်။"

မြန်မာစစ်အစိုးရက အကြပ်ကိုင်တယ်၊ အခွင့်အရေးပေးတယ်ဆိုပေမယ့်လည်း တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ ဒါဟာလူထုရဲ့ အနာဂတ်ကံကြမ္မာ မဟုတ်ဘူးလား၊ ကြောက်ပြီးတော့ထောက်ခံနေမယ်ဆိုရင် လူထုမှာရော တာဝန်မရှိဘူးလားလို့ မေးခွန်းထုတ်စရာရှိပါတယ်၊ ရန်ကုန်မြို့ခံတစ်ယောက်ကတော့ နီးရာဓါးကို ကြောက်ရတဲ့အခြေအနေလို့ ပြောပါတယ်။

"ကျနော်တို့က နီးရာဓါးကိုကြောက်ပြီး ကျနော်တို့မှာ ပွင့်ပွင့်လင်းလင်းပြောရရင် ပြောင်ပြောင်မြောက်မြောက် ခေါင်းဆောင်မယ့်ခေါင်းဆောင်တွေကလည်း ကျနော်တို့ အနားလေးမှာမရှိဘူး၊ လူအုပ်တွေရှေ့မှာထားပြီး ထောက်ခံပါတယ်၊ ထောက်ခံပါတယ်။ ထောက်ခံပါတယ်လို့ ထအော်ပြီးတော့ လူအုပ်ကြီးက ကွင်းထဲကိုဝင်လာပြီးတော့ ထအော်တယ်ဆိုတာနဲ့ လူအုပ်ရဲ့ဆန္ဒအမှန်ဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂ ထောင်ကျော်လောက် ဂရိခေတ်က အကြွင်းအကျန် အတွေးအခေါ်တွေ သူတို့လက်ထဲမှာ စွဲကိုင်ထားမယ်ဆိုရင်တော့ ကျနော်တို့က ခေတ်နဲ့ပြန်ပြီးညှိနှိုင်းဖို့ ဒါ သူတို့မှာတာဝန်ရှိတယ်။" (ရန်ကုန်မြို့ခံတစ်ဦး)

နီးရာခါးကို ကြောက်ရတယ်ဆိုပြီး မြန်မာပြည်သူတွေဟာ ကမ္ဘာ့ပြည်သူတွေနဲ့နည်းတူ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေပိုင်ဆိုင်ဖို့၊ သူတို့ကို လူ့ဂုဏ်သိက္ခာနဲ့အညီ လေးစားတဲ့အုပ်ချုပ်ရေးစနစ်တစ်ရပ် သူတို့ကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်ရဖို့ မကြိုးစားဘူးတော့ဘူးလားလို့ မေးစရာရှိပါတယ်။ ရန်ကုန်မြို့ခံတစ်ယောက်ကတော့ –

"ဒီလို ဖိနှိပ်ချုပ်ချယ်တဲ့ကြားထဲကနေပြီးတော့ ဒီလိုပဲ သွားလာလှုပ်ရှားနေရတာပဲလေ၊ သွားလာလှုပ်ရှားနေရပေမယ်လို့ ဟိုနေ့က ကိုဇာဂနာ ပြန်လွှတ်လာတုန်းက ပြောသလိုပေါ့၊ သူ့ကို ထောင်ပြောင်းမယ် ဆိုပြီးတော့ ခေါ်လာတယ်၊ ခေါ်လာပြီးတော့ ထောင်မပြောင်းဘဲနဲ့ သူ့ကို အိမ်ကိုပြန်ပို့တယ်၊ သူတို့ခေါ်လာတုန်းက သူတို့လွှတ်မယ်ဆိုလို့ရှိရင် လွှတ်မယ် ဆိုပြီး ခေါ်လာပါလား၊ မခေါ်လာဘဲနဲ့ သူတို့ကထောင်ပြောင်းမယ် ဆိုပြီးတော့ ခေါ်လာတယ်။ အဲဒီတော့ ကျမတို့မြန်မာနိုင်ငံရဲ့ အိမ်တွေက ဘာတွေ ဖြစ်ကုန်ပြီလဲ၊ ထောင်တွေဖြစ်ကုန်ပြီ၊ ဟုတ်တယ်မဟုတ်လား၊ အိမ်တွေက ထောင်တွေချည်းပဲ၊ အဲလို ကျမတို့က အဲဒီထောင်တွေထဲကနေပြီးတော့ ဒီလိုမျိုးလုပ်တော့ လုပ်ကြတာပေါ့လေ။"

ကန့်သတ်တားမြစ်မှုနဲ့ ပိတ်ပင်မှုတွေကြား အိမ်မှာနေရတာက အကျဉ်းထောင်တွေမှာ နေရတဲ့အခြေအနေနဲ့ မထူးဘူးတော့ပါဘူးလို့ ရန်ကုန်မြို့ခံတစ်ဦး ပြောသွားတာပါ။

ဒီမိုကရေစီနိုင်ငံသစ်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲဖို့ ခြေလှမ်းတွေပြင်ဆင်နေပေမယ့်လည်း မြန်မာပြည်ဟာ ယုံကြည်ချက်ကို ငြိမ်းချမ်းစွာထုတ်ဖော်သူတွေ အကျဉ်းကျခံနေရဆဲတိုင်းပြည်တစ်ခု ဖြစ်နေပါသေးတယ်။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လည်း မြန်မာပြည်သူတွေဟာ ကိုယ့်နိုင်ငံထဲမှာ အကျဉ်းသားတွေအဆင့် နေနေရတယ်ဆိုတာကို ကမ္ဘာကသိစေချင်ပါတယ်လို့ ပြောဆိုဖူးခဲ့ပါတယ်။ ■

▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬

## ကမ္ဘာတလွှားက စစ်အစိုးရသရုံးများထံ အမျိုးသမီးအတွင်းခံဘောင်းဘီများ ပေးပို့ဆန္ဒပြ

*ဗွီအိုအေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာစစ်အစိုးရကို ကန့်ကွက်တဲ့အနေနဲ့ နိုင်ငံတကာက မြန်မာစစ်အစိုးရသံရုံးတွေကို အမျိုးသမီးအတွင်းခံဘောင်းဘီတွေကို အမျိုးသမီး အဖွဲ့တစ်ခုက ပေးပို့နေတယ်လို့ သိရပါတယ်။ အကြောင်းစုံကို ဒေါ်အေးသန္တာကျော်ကတင်ပြထားပါတယ်။

ဆန္ဒပြတာက ရိုးရိုးမဟုတ်လို့ ထူးခြားနေတာကတော့ အမှန်ပါပဲ။ အမျိုးသမီး အတွင်းခံဘောင်းဘီတွေကိုပို့ပြီးတော့ ဆန္ဒပြကြတာပါ။ ဒီထက်ပိုပြီးတော့ ပြည့်ပြည့်စုံစုံပြောရမယ်ဆိုရင်တော့ နိုင်ငံအသီးသီးက အမျိုးသမီးတွေက ဆန္ဒပြသူတွေကို ရက်ရက်စက်စက်ဖြိုခွင်းခဲ့တဲ့ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်ကို ဆန့်ကျင်တဲ့အနေနဲ့ဆိုပြီးတော့ အမျိုးသမီးအတွင်းခံဘောင်းဘီတွေကို ကမ္ဘာတလွှားမှာရှိတဲ့ မြန်မာသံရုံးတွေဆီကို ပို့ပေးကြတာပါ။ ရိုင်းပြတဲ့အမှုအရာကိုပြတဲ့အနေနဲ့ အဲဒါကို တမင်တကာလုပ်ကြတာပါ။ ဒီလှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်တဲ့အဖွဲ့က Lanna Action for Burma ပါတဲ့။ ဒီအဖွဲ့ကနေလှုပ်ရှားတဲ့ လစ်ဇ် ဟယ်လ်တန် (Liz Hilton)က သူတို့ရဲ့ လှုပ်ရှားမှုနဲ့ပတ်သက်ပြီးတော့ အခုလို ပြောပါတယ်။

"ချင်းမိုင်က Lanna Campaign အဖွဲ့က မြန်မာစစ်အစိုးရကို အတွင်းခံစစ်ဆင်ရေး လုပ်ဆောင်နေပါတယ်။ နိုင်ငံအတွက်သိက္ခာရှိရှိကူးပြောင်းမှုလုပ်ဆောင်ဖို့ ပြီးတော့ သူတို့ရဲ့လုပ်ရပ်တွေအပေါ်မှာ အမျိုးသမီးထုကြီးက ဘယ်လောက် ဒေါသထွက်နေကြတယ်ဆိုတာပြသဖို့ မြန်မာလူထုဖက်ကလည်း သူတို့ရပ်တည်နေပါတယ်ဆိုတာပြသဖို့ ဒီလှုပ်ရှားမှုကို လုပ်ကြတာပါ၊" – လို့ လစ်ဇ် ဟယ်လ်တန်ကပြောသွားပါတယ်။

မြန်မာစစ်ဗိုလ်ချုပ်တွေဟာ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမျိုးသမီးအတွင်းခံဘောင်းဘီကသူတို့ရဲ့ အာဏာစက်ကို ဆုတ်ရုတ်စေတယ်လို့ အယူရှိကြောင်း၊ ဒီ 'ငြိမ်းချမ်းရေးအတွက် အတွင်းခံဘောင်းဘီများ' လှုပ်ရှားမှုလုပ်ဆောင်နေတဲ့ Lanna Action for Burma အဖွဲ့က ပြောပါတယ်။ ဒီလှုပ်ရှားမှုမှာ ထိုင်း၊ သြစတြေးလျ၊ စင်ကာပူ၊ ဗြိတိန်နဲ့ တခြား ဥရောပနိုင်ငံတွေက အမျိုးသမီးတွေကဟာ သူတို့ရဲ့ အတွင်းခံဘောင်းဘီတွေကို ကမ္ဘာတလွှားက မြန်မာသံရုံးတွေဆီ ပေးပို့ခဲ့ကြတာပါ။

**'ဒီနေ့ကစပြီးတော့ ရှင့်ရဲ့အတွင်းခံဘောင်းဘီတွေကို ကိုယ်နေထိုင်တဲ့နေရာနဲ့ အနီးဆုံးမှာရှိတဲ့ မြန်မာသံရုံးကို စာတိုက်ကနေပို့ပါ။ ဒါမှမဟုတ်ရင်လည်း ကိုယ်တိုင်သွားပေးပါ။ ဒါမှမဟုတ်ရင်လည်း အတွင်းခံဘောင်းဘီကို သံရုံးထဲ ပစ်ထည့်လိုက်ပါ။ ဒီနေ့ကစပြီးတော့ လုပ်ပါ။ လုပ်နိုင်သမျှ အကြိမ်များများ လုပ်ပါ'** –

လို့ Lanna Actionfor Burma အဖွဲ့ရဲ့ အင်တာနက်စာမျက်နှာမှာ တိုက်တွန်းထားပါတယ်။

သူတို့ရဲ့ ဒီလိုလုပ်ရပ်နဲ့ပတ်သက်ပြီးတော့ မြန်မာအာဏာပိုင်တွေဖက်ကတော့ အခုထိ ဘာမှတုံ့ပြန်မှုမရှိသေးဘူးလို့လည်း မစ္စ ဟယ်လ်တန်က ပြောပါတယ်။ ■

▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬

## သင်္ကန်းရောင်တော်လှန်ရေးကိုထောက်ခံတဲ့ ဥပဒေ အမေရိကန်လွှတ်တော်မှာ တင်သွင်း

*ဗွီအိုအေ၊ ၁၉ အောက်တိုဘာလ၊ ၂၀၀၇*

မကြာသေးခင်က မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးဆန္ဒပြသူတွေကို သွေးထွက်သံယိုနှိမ်နင်းခဲ့တာကြောင့် မြန်မာစစ်အစိုးရအပေါ် နောက်ထပ် အရေးယူဒဏ်ခတ်မှုတွေလုပ်ဖို့ အမေရိကန်လွှတ်တော်အမတ်တွေက တိုက်တွန်းနေပါတယ်။ အထူးသဖြင့် ဝင်ငွေကောင်းတဲ့ ကျောက်မျက်ရတနာရောင်းချမှုကို တားမြစ်ဖို့ ပြောဆိုနေတာပါ။ ရီပတ်ဘလီကန်ပါတီရဲ့ သမ္မတလောင်း အာရီဇိုနားပြည်နယ်က ဆီးနိတ်လွှတ်တော် အမတ်တဦးဖြစ်တဲ့ ohn McCain နဲ့ ကာလီဖိုးနီးယားပြည်နယ်က ဒီမိုကရက်ပါတီ အမတ်တဦးဖြစ်တဲ့ Tom Lantos တို့က သီးခြား အဆိုတွေကို မနေ့ကပဲ တင်သွင်းခဲ့တာပါ။ ဆီးနိတ်တာ John McCain ရဲ့ သင်္ကန်းရောင်တော်လှန်ရေး ထောက်ခံမှုဥပဒေ (Saffron Revolution Support Act) နဲ့ Tom Lantos ရဲ့ ဒီမိုကရေစီရေးကျိုးပမ်းမှုတွေကိုဆန့်ကျင်တဲ့ မြန်မာစစ်အစိုးရအပေါ်ပိတ်ပင်ရေး ကျောက်စိမ်းဥပဒေ (Block Burmese Junta's Anti-Democratic Efforts - Jade - Act) တို့က မြန်မာပြည်က ကျောက်မျက်ရတနာတွေကို တတိယနိုင်ငံတွေကတဆင့် အမေရိကန်ပြည်ထောင်စုကို တင်သွင်းနေတာ ပိတ်ပင်ဖို့နဲ့ စစ်အစိုးရအရာရှိတွေကို ဘဏ္ဍာရေးအရ ပိတ်ဆို့ဒဏ်ခတ်အရေးယူဖို့ တင်သွင်းထားတာပါ။ ဒီမိုကရက်အမတ် Tom Lantos တင်သွင်းလိုက်တဲ့ ဥပဒေကတော့ မြန်မာစစ်အစိုးရအရာရှိတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေရဲ့ ပိုင်ဆိုင်မှုတွေကို ထိမ်းချုပ်ဖို့နဲ့ အမေရိကန်ပြည်ထောင်စုဘဏ်တွေကို အသုံးပြုခွင့်မရအောင် တားဆီးဖို့ တိုက်တွန်းလိုက်သလို John McCain ကတော့ စစ်အစိုးရ အရာရှိတွေကို ဗီဇာပိတ်ပင်ဖို့နဲ့ မြန်မာပြည်က ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ကူညီထောက်ပံ့မှုတွေပေးဖို့ အဆိုပြုထားပါတယ်။ ■

▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချီသူများအား အထူးကျေးဇူးတင်ပါသည်။ "